ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်
Yangon Protestant Reformed Church
တနင်္ဂနွေစာစောင်

နေ့စွဲ – ၁၃. ၆. ၁၀

# ငရဲ
(Hell, Rev.Bill Langerak)

ငရဲကို ကျမ်းစာတွင် အင်မတန်ပီပြင်လှသော ရုပ်ပုံကားချပ် နှစ်ခုဖြင့် ပြောပြပါသည်။ ၎င်းတို့မှာ သင်္ချိုင်း(ဟေဗြဲ [သို့] ရှိအိုးလ်)၊ အမှိုက်များကိုစွန့်ပစ်သောနေရာ၊ ဂေဟင်္နာ (သို့)ဟင်းနွမ်တောင်ကြားဒေသ ဟု ခေါ်ပါသည်။ ထိုစကားနှစ်လုံးကို ကျမ်းစာတွင် လိုလျှင်လိုသလို ပြောင်းသုံးတတ်သောကြောင့် တချို့က ငရဲဆိုသည်မှာ မရှိပါဟု ငြင်းတတ်ကြသော်လည်း အချည်းနှီးငြင်းဆိုခြင်းဖြစ်ပါသည်။ ငရဲသည် တကယ်ရှိသော အရပ်ဒေသတခုဖြစ်သည်။ ထိုသင်္ချိုင်းနှင့်အမှိုက်များကိုစွန့်ပစ်သောနေရာတို့က ဘုရားသခင်၏ အပြစ်တရားကိုဆန့်ကျင်သော ဖြောင့်မတ်သည့်အမျက်ဒေါသအောက်တွင် ခန္ဓာရောဝိညာဉ်ပါခံစားရမည့် ထာဝရ ထိတ်လန့်ကြောက်ရွံ့ရမှု၊ အရှက်ရမှု၊ မှောင်မိုက်မှု၊ သေခြင်းဝေဒနာတို့ကို သတိပေးနေပါသည်။ သခင်ယေရှု ခရစ်တော်ကို ယုံကြည်လျှက် ဘုရားသခင်နှင့်ရန်ပြေငြိမ်းမှုကို မလုပ်ကြသူတိုင်း ခံစားကြရမည် ဖြစ်ပါသည်။

သေခြင်းကို ခဲ့လိုက်သည့်အနေနှင့် သင်္ချိုင်းဟုပြောနေခြင်းသည် ငရဲကို ပုံဆောင်နေသောနိမိတ်ပုံ ဖြစ်ပါသည်။ သေခြင်းနှင့်သင်္ချိုင်းတို့သည် ဆက်နွယ်နေကြပါသည်။ တခါတရံ ကျမ်းစာတွင် ထိုစကားနှစ်လုံး ကို တူညီစွာသုံးတတ်ပါသည်။ ကောင်းကင်ဘုံသည် အသက်ရှင်ခြင်းဖြစ်သလို၊ ငရဲသည်သေခြင်းဖြစ်ပါသည်။ လူသေတို့၏နေရာဖြစ်ပါသည်။ သေသောသူတယောက် သွားရသည့်နေရာဖြစ်ပါသည်။ ထိုနေရာတွင် သေ ခြင်းတရားသည် အတားဆီးမဲ့ မိမိ၏ဖျက်ဆီးနိုင်စွမ်းအားကို ဖေါ်ထုတ်လုပ်ကိုင်ပါသည်။ သင်္ချိုင်း(ငရဲ)တွင် မြင့်မားမတ်စောက်သောအကာအရံများရှိပါသည်၊ အခန်းများခွဲထားပါသည်၊ တံခါးပေါက်များရှိကြပါသည် (ဟေရှာ ၁၄း၁၅၊ သုတ္တံ ၇း၂၇၊ မဿဲ ၁၆း၁၈)။ သို့သော် ပြတင်းပေါက်များနှင့်ဆင်ယင်ခြယ်သခြင်းများတော့ မရှိကြပါ။ ငရဲသည် နက်ရှိုင်းသောတွင်းနက်ကြီးဖြစ်ပါသည်၊ အလင်းမရှိပါ၊ အလင်းဆိုသော ဘုရားသခင်၏ ချစ်ခြင်း၊ သနားခြင်းကျေဇူးတို့ မရှိကြပါ၊ သဘာဝအလင်း၏အရိပ်အရောင်ကလေးမျှပင် မတွေ့ရပါ။ ဝမ်း မြောက်ခြင်းနှင့်အသက်ရှင်ခြင်း၏ အလင်းရောင် စိုးစိမျှမတွေ့ရပါ။ အပြင်ဖက်အမှောင်ထု သက်သက်သာ ဖြစ်ပါသည် (မဿဲ ၈း၁၂)။ သင်္ချိုင်း(ငရဲ)သည် ကြောက်လန့်စရာနေရာ၊ တိုက်ပိတ်ထားသကဲ့သို့ခံစားရသည့် နေရာ၊ အထီးကျန်လွန်းသောနေရာတခု ဖြစ်ပါသည်။ ထိုနေရာတွင် မိတ်ဆွေဖွဲ့ခြင်း မရှိပါ၊ စကားစမြည်ပြော ဆိုခြင်းမျိုး မရှိပါ၊ အချို့ကထိုအရာများရှိနိုင်ဦးမည်ဟု ထင်တတ်ကြသော်လည်း ထိုသို့မဟုတ်ပါ။ ထိုနေရာ တွင် ဝေဒနာပြင်းစွာခံစားခြင်း၊ ငိုကြွေးခြင်း၊ အံသွားခဲ့ကြိတ်ခြင်းဆိုသာ ရှိပါသည် (ဆာလံ ၁၈း၅၊ ၁၁၆း၃၊ လုကာ ၁၆း၂၃)။

ငရဲတွင် တယောက်ထဲ အမြဲနေရပါသည်၊ အပြစ်ဒါဏ်ကျခံသူအဖြစ် အရာခပ်သိမ်းမှ၎င်း၊ အယောက် တိုင်းနှင့်၎င်း ခွဲနေရပါသည် (မာကု ၃း၂၉)။ ထို့အပြင် မည်သူမျှ ဖျက်ဆီးခံရခြင်းမှ မလွတ်နိုင်ပါ။ သင်္ချိုင်း (ငရဲ)သည် တန်ခိုးကြီးသူဖြစ်ပါသည်၊ ဝါးစားပစ်မည့်မေးရိုးကြီးများဖြင့် အတောမသတ်ဝါးစါးပစ်မည်ဟု ကျိန်း ဝါးနေသည့် သရဲသဘက်နှင့်တူပါသည်။ မိမိသားကောင်ကို မြိုချကာ၊ ၎င်း၏ လှပခြင်း၊ ဘုန်းအသရေ၊ ခန်း နားခြင်း၊ ရှင်သန်ခြင်းတို့ကို မိမိ၏ဝမ်းဗိုက်အတွင်း ချေဖြတ်ပစ်လိုက်ပါသည် (ဟေရှာ ၅း၁၄၊ ရှောလမုန် ၈း ၆၊ ယောန ၂း၂)။ ငရဲသည် အရှက်ကွဲရသောနေရာဖြစ်ပါသည်၊ အဘယ်ကြောင့်ဆိုသော် လူတယောက်ကို အနိုင်ယူပြီးသောအခါ၊ ထိုလူကို ဗလာအဆင့်သို့ရောက်စေကာ၊ သူ့ကို ပျက်သုဉ်းသွားစေပါတော့သည် (ဟေ ရှာ ၅၇း၉၊ ယောဘ ၂၆း၂၊ ဆာလံ ၄၉း၁၄)။ ငရဲက ဝပြီ၊ တော်ပြီ ဆိုသည့်စကား ဘယ်တော့မှမပြောပါ။ အောက်ခြေပိတ်မရှိသော တွင်းနက်ကြီးဖြစ်ပါသည် (သုတ္တံ ၃၀း၁၆၊ ဗျာ ၉း၂)။

ဂေဟင်္နာဆိုသည့်စကားလုံးကိုတော့၊ လူအများက မရင်းနှီးကြသော်လည်း ငရဲကို အသေအချာပုံပြ နေသောအရပ်ဖြစ်ပါသည်။ ဂေဟင်္နာသည် ယေရုရှလင်မြို့ပြင်တွင်ရှိသည့် ဒေသတခုဖြစ်ပါသည်။ နက်လှ

သောချိုင့်ကြီးဖြစ်သည်။ အစ္စရေးဘုရင်ဆိုးများဖြစ်ကြသည့် အာခတ်နှင့်မနာရှေတို့က ထိုနေရာကို မောလုတ်နတ်ဘုရားထံ ဘုရားသခင့်ပဋိညာဉ်ကလေးများကို သတ်၍ယဇ်ပူဇော်ရာနေရာအဖြစ် တရားဝင်သတ် မှတ်ခဲ့ကြပါသည် (ယောရှု ၁၅း၈၊ ၆ရာ ၂၈း၃၊ ၃၃း၆)။ ထိုဒေသကို "တောဖက်"ဒေသဟုလည်း လူသိများပါသည်၊ ကလေးငယ်များကိုလောင်ကျွမ်းသောမီး၊ (သို့) မီးရှို့ခံရသောဝေဒနာကြောင့် ကလေးများအော်ဟစ်သံကိုလွှမ်းမိုးသွားရန် ဗုံတီးသောအရပ်ဟုလည်း ခေါ်ကြပါသည် (ယေရှာ ၃၀း၃၁-၃၂)။ ထိုသို့သော ရွံစရာစရိုက်ဆိုး နောက်တခါပြန်မပေါ်ရလေအောင်၊ ဘုရားသခင်ကိုကြောက်ရွံ့ရိုသေသောဘုရင် ဂျိုစိုင်းယ(ယောရှိ)က ထို ချိုင့်ကြီးကို အမှိုက်ဖြင့်ဖို့ပစ်လိုက်ပါသည်၊ အမှိုက်ပစ်ရာနေရာဖြစ်စေပါသည်။ ထိုအချိန်မှစ၍ဂေဟဲန်းနာအရပ်သည်၊ အမှိုက်များနှင့်ပြည့်သောဒေသ၊ မစင်(ချေး)များစွန့်ရာဒေသ၊ တိရိစ္ဆာအသေကောင်များပစ်ရာဒေသ၊ ရာဇဝတ်သားကို သေဒဏ်ပေးပြီး အလောင်းကောင်ကို လွှင့်ပစ်ရာဒေသ၊ ပုတ်သိုးနံဟောင်နေသော၊ အမြဲတမ်း လောက်ကောင်များက အသေကောင်ပုတ်များကိုစားသောက်လျှက် တရွရွတက်နေသောနေရာ၊ မီးဖြင့် တငွေ့ငွေ့အဆက်မပြတ်လောင်နေသောဒေသတခု ဖြစ်လာပါသည်(၄ရာ ၂၃း၁၀၊ ယေရေမိ ၇း ၃၃)။

ဂေဟဲန်းနာဆိုသည့်စကားလုံးသည် သခင်ခရစ်တော်က ငရဲကိုဖေါ်ပြဖို့ အသုံးပြုအများဆုံးစကားလုံးဖြစ်ပါသည်။ နားထောင်နေသောပိရိတ်သတ်ကြီးက ရင်းနှီးလွန်းသောစကားလုံးဖြစ်သည်။ ငရဲကို ကွက်ကွက်ကွင်းကွင်း ဖေါ်ပြနိုင်သောအရပ်ဖြစ်သည်။ အထူးသဖြင့် ပေါ့လျှော့နေသော၊ မှားယွင်းနေသည့်အသင်းတော်ကို "နောင်တရကြပါ၊ ဘုရားသခင့်နိုင်ငံတော် တည်ထောင်ချိန်ရောက်ပြီ"ဟု သတိပေးဖို့ရာ အကောင်းဆုံးစကားလုံးဖြစ်ပါသည်။ ဒီနေ့ခေတ်အတွက်လဲ ထို့အတူပင်ဖြစ်ပါသည်။ ငရဲဆိုသည်မှာ အနှိမ့်ဆုံးအဖြစ်နှင့်အရှက်ကွဲရသောနေရာဖြစ်ပါသည်၊ မစင်ကဲ့သို့သောလူများ၊ အမှိုက်ကဲ့သို့သောသူများ၊ ဆိုးညစ်ရက်စက်သူများ ထာဝရဝေဒနာကို ခံစားရာနေရာဖြစ်ပါသည်။ ထို့ကြောင့် နောင်တရကြပါ၊ နိုင်ငံတော်သည် အနီးတွင်ရောက်နေပြီ၊ ငရဲကလည်း နီးကပ်လှပါသည်။

သခင်ဘုရားပြန်လာသောအခါ သူသည် အားလုံးကို ဖျက်ဆီးမည်ဖြစ်သည်။ ထို့ကြောင့် ငရဲကိုဖေါ်ပြသော နိမိတ်ပုံများက ထိုတကယ့်အရှိတရားကို ပြောပြနေပါသည် (ဗျာ ၂၀း၁၄)။ သခင်ဘုရားသည် သူ၏နိုင်ငံတော်ကို ပထမစုစည်းမည်ဖြစ်သည်၊ လူမျက်နှာကိုမထောက်ဘဲ တရားစီရင်ပါမည်၊ ထို့နောက် အမှိုက်များကို ရှင်းထုတ်လိုက်ပါမည်။ စာတန်နှင့်သူ့အုပ်စု မြွေဆိုးနှင့်တူသူများ၊ အန္တိခရစ်တို့အားလုံး၊ ငရဲနှင့်သေခြင်းပါမကျန် မီးအိုင်ထဲသို့ သခင်ဘုရားက ပစ်ချလိုက်မည်ဖြစ်သည် (မဿဲ ၂၃း၃၃၊ ဗျာ ၂၀း၁၀-၁၄)။ ထို့အတူ ဘုရားကိုမေ့နေကြသူများ၊ သခင်ခရစ်တော်ကို ငြင်းပယ်သူများ၊ ရုပ်တုကိုးကွယ်သူများ၊ ဘုရားနာမကိုမကောင်းပြောသူများ၊ သူခိုးများ၊ လိင်ကိစ္စတွင်စည်းမစောင့်သူများ၊ လူသတ်သမားများ၊ လိမ်ညာသူများ၊ သူတပါးဥစ္စာကို တပ်မက်ကြသူများအားလုံးတို့အတွက် သခင်ဘုရား၏နိုင်ငံတော်တွင် နေရာမရှိကြပါ (ဆာလံ ၉း၁၇၊ မဿဲ ၅း၂၂၊ ၁၁း၂၃၊ သုတ္တံ ၅း၅၊ ဖေက် ၅း၅)။ ၄င်းတို့သည် ငရဲတွင် ဘုရားသခင့်သေဒဏ်ပေးခြင်းကို ခံကြရမည့်သူများဖြစ်ကြပါသည်။ သူတို့သည် ပျောက်ကွယ်မသွားပါ၊ သူတို့ကိုယ်ခန္ဓာများသည် ထာဝရပျက်ဆီးခြင်းတွင် ဝေဒနာခံစားနိုင်ဖို့ အံကိုက်ဖြစ်ပါသည်၊ အပြစ်ဒဏ်ခတ်ခြင်းသို့ ထမြောက်ကြသူများဖြစ်ပါသည် (ယော ၅း၂၉၊ မာကု ၉း၄၄)။

သခင်ယေရှုကို ရှာပါလေ။ သူတပါးတည်းကသာ ငရဲနှင့်သေခြင်းတံခါးများ၏သော့များကို ပိုင်ပါသည်။ လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံသည်၊ သင်္ချိုင်း၌ မြုပ်နှံခြင်းကိုခံသည်၊ နက်ရှိုင်းသောငရဲတွင်း၏အနက်ဆုံးသို့ ဆင်းသက်ခဲ့သည်။ မတင်းတိမ်မကျေနပ်နိုင်သည့် ငရဲဆိုသော သားရဲ၏ဝမ်းဗိုက်ထဲသို့ သွားရောက်ခဲ့ခြင်းဖြစ်သည်၊ သေခြင်းတောင်ကြား၏မှောင်မိုက်ကို ဖြတ်လျှောက်သွားခဲ့သည်၊ ထို့နောက် အောင်မြင်ခြင်းနှင့် ပြန်ထွက်လာခဲ့သည်။ အပြစ်အတွက် တန်ဖိုးကို ပေးခြေပေးခဲ့သည်။ သူ၏ဝိညာဉ်ကို ငရဲထဲတွင်ထားခဲ့၍မဖြစ်နိုင်ပါ၊ သူ၏ကိုယ်ခန္ဓာသည်လည်း ပျက်ဆီးခြင်းကို မတွေ့နိုင်ပါ(ဆာလံ ၁၆း၁၀)။ သခင်ဘုရားသည် အပြစ်ဒါဏ်စီရင်ခြင်းကို ခံခဲ့သည်၊ ငရဲ၏အရှက်တကွဲဖြစ်ရခြင်းတခုမကျန်ကို ခံတော်မူသည်၊ ဘုရားသခင့် အမျက်ဒေါသအောက်တွင် စကားဖြင့် ပြောမပြနိုင်သော နာကျင်ခြင်း၊ ဝေဒနာခံစားခြင်း၊ ကြောက်လန့်ခြင်း၊ ပြင်းထန်သောဝေဒနာတို့ကို ခံစားခဲ့ပါသည်။ ထိုသို့သောဝေဒနာမျိုး မခံစားရလေအောင် သူ့ထံတော်ခိုလှုံကြသူအားလုံးတို့ကိုလဲ ကယ်လွှတ်တော်မူပါသည် (သခင်ဘုရား၏နေ့ ၁၆)။ ကျွန်တော်တွေ့ ကြုံရမည့်

အားလုံးသောအကြီးမားဆုံးသော သွေးဆောင်ခြင်းများကြားတွင် ကျွန်တော်သည် ယုံကြည်သူတယောက်အနေနှင့်၊ ငရဲမဟုတ်၊ ထာဝရအသက်၊ ဝမ်းမြောက်ခြင်း၊ အလင်းတရား၊ သူ၏ကောင်းကင်ဘုံ၌ ဘုန်းအသရေတို့ကို ရမည်ဟု အလွန်သေချာလျက်ရှိပါသည်။

## ချစ်ခြင်း၌ကြိုတင်သိနေခြင်း

("*Foreknown in Love*" Herman Hoeksema)

ဘုရားသခင့်သားတော်သည် အများသောညီတို့တွင် သားဦးဖြစ်တော်မူမည်အကြောင်း၊ ဘုရားသခင်သည် ရှေ့မဆွက သိတော်မူသောသူတို့ကို သားတော်၏ပုံသဏ္ဌာန်နှင့် တညီတည်းဖြစ်စေခြင်းငှာ ရှေ့မဆွက ခွဲခန့်မှတ်သားတော်မူ၏၊ ထိုသို့ ခွဲခန့်မှတ်သားနှင့်သောသူတို့ကို ခေါ်တော်မူ၏၊ ခေါ်တော်မူသောသူတို့ကိုလည်း ဖြောင့်မတ်ရာ၌ တည်စေတော်မူ၏၊ ထိုသို့ တည်စေတော်မူသောသူတို့ကိုလည်း ချီးမြှောက်တော်မူ၏၊ ရောမ ၂၈း၂၉၊ ၃၀။

### ကြွယ်ဝခြင်း၏နက်ရှိုင်းမှု

ကောင်းချီးအပြည့်ရှိသော သေချာမှုဖြစ်ပါသည်၊ သူ ကြိုတင်သိတော်မူသူများကို ချီးမြှောက်တော်မူသည်။ ဤကျမ်းပိုဒ်က အထက်တွင် ဖေါ်ပြခဲ့ပြီးသောအကြောင်းအရာ၏ ခိုင်မာလှသောအခြေခံအကြောင်းတရားကို ပြောပြနေခြင်းဖြစ်သည်ကို မမေ့လိုက်ပါနှင့်။ ထိုအကြောင်းအရာမှာ အရာခပ်သိမ်းက ဘုရားသခင်ကို ချစ်သောသူတို့အတွက်၊ ဘုရားသခင်က သူ၏ရည်ရွယ်ချက်ဖြင့် ခေါ်ထားသူတို့အတွက် ကောင်းခြင်းများကိုသာ ပြုလုပ်ပေးကြပါသည် ဆိုသည့်အမှန်တရားဖြစ်သည်။

၎င်းသည် ဘုရားသခင်ကို ချစ်သောသူတို့အတွက် သေချာလှသောစိတ်ချရမှုဖြစ်ပါသည်။

စကားဖြင့်ပင်ပြော၍မရသော ကောင်းချီးမင်္ဂလာအပြည့်နှင့်စိတ်ချရခြင်းကို သံသယမရှိစွာယုံကြည်ရသည့်အကြောင်းမှာ – ဘုရားသခင်သည် ကြို၍သိထားသူများကိုချီးမြှောက်တော်မူပါသည်။ အဆုံးသတ်သည် သေချာလွန်းလှပါသည်။ အဆုံးသတ်သည် ကြီးမြတ်လှသောကောင်းခြင်းဖြစ်သည်၊ ဘုန်းအသရေကို ထာဝရခံစားရခြင်းဖြစ်သည်။ ထိုကဲ့သို့ အဆုံးသတ်ကို ခိုင်မာစွာ ချမှတ်ထားသောကြောင့် ဘုရားသခင်ကို ချစ်သောသူတို့နှင့် ထိုခန်းနားလှသောအဆုံးသတ်ခြင်းတို့ကြား ဆက်စပ်ရှက်နွယ်နေသောအကြောင်းအရာ အားလုံးတို့သည် အတူတကွ ကောင်းဖို့ကိုသာ လုပ်ဆောင်ပေးကြရမည်ဖြစ်သည်၊ ဆိုလိုသည်မှာ ဘုရားသခင်ကို ချစ်သောသူတို့အတွက် ဘုရားသခင်က ကြိုတင်စီမံထားသော ထိုအဆုံးစွန်ဘုန်းအသရေကိုခံစားရခြင်းအား အရာခပ်သိမ်းက ဖြစ်မြောက်လာရန် လုပ်ဆောင်ပေးကြပါသည်ဟု ပြောနေခြင်းဖြစ်သည်။

အဆုံးသတ်သည် အလွန်သေချာပါသည်၊ အဘယ်ကြောင့်ဆိုသော် အစသည် မပြောင်းလဲသောသေချာခြင်း ဖြစ်သောကြောင့်ဖြစ်ပါသည်။ ထိုအဆုံးသတ်ဘုန်းအသရေနှင့် ၎င်းထံသို့ မဖြစ်မနေဦးတည်နေသော အဖြစ်အပျက်မျိုးစုံတို့သည် သုံးပါးတဆူဘုရားသခင်၏ ထာဝရခွဲခန့်မှတ်သားတော်မူခြင်း ရည်ရွယ်ချက်များမှ နေ၍ ဆုံးဖြတ်ထားသော အရာများချည်း ဖြစ်ပါသည်။ ထိုခွဲခန့်မှတ်သားတော်မူခြင်း ရည်ရွယ်ချက်များ၏ အနက်ရှိုင်းဆုံးသောအရင်းအမြစ်သည် ဘုရားသခင်၏ ကြိုတင်သိတော်မူခြင်းတွင်ဖြစ်ပါသည်။ ကြိုတင်သိထားတော်မူသောသူတို့ကို၊ ဘုရားသခင်သည် ခွဲခန့်မှတ်သားတော်မူပါသည်။

ထို့ထက်ပိုနက်ရှိုင်းအောင် ဆက်သွား၍မရတော့ပါ။ ထို့ထက်ပို၍ နက်ရှိုင်းအောင် ဘုရားသခင့်ကယ်တင်ခြင်း၏နက်ထဲမှုထဲသို့ သင် ဆက်သွား၍မရတော့ပါ။ အဘယ်ကြောင့်ဆိုသော် ထို့ထက်ပိုနက်နဲသော အသိပညာ၏အရင်းအမြစ်ကို ရှာ၍မတွေ့နိုင်တော့၍ဖြစ်ပါသည်။ အမြင့်ဆုံးသောသူ၏ထာဝရကြိုတင်သိတော်မူခြင်းသည် ခင်ဗျား၏ကယ်တင်ခြင်း ထွက်ပေါ်လာရာ စမ်းရေတွင်း ဖြစ်ပါသည်။

သို့သော် သင်သည် ထိုဘုရားသခင့်ကြိုတင်သိတော်မူခြင်းကို မှားယွင်းစွာ အဓိပ္ပါယ်မဖွင့်မိဖို့တော့ အရေးကြီးလှပါသည်။

ထာဝရသိတော်မူခြင်းကို သာမန်လူသား၏တွေးခေါ်ဆင်ခြင်ခြင်းမှရလာသောအသိပညာဖြင့် ဘယ်သောအခါတွင်မှ မနှိုင်းယှဉ်ရပါ။ အတူတူဟု မယူဆရပါ။ ထိုသို့ကြိုးစားခြင်းသည် အမြင့်ဆုံးသောဘုရားသခင်၏ ကြိုတင်သိတောမူခြင်းအသိပညာကို အချည်းနှီးဖြစ်စွာ ပျက်ဆီးစေခြင်း၊ ထိုအသိပညာ၏ ဘုရားဖြစ်ခြင်းလက္ခဏာ၏ဂုဏ်အသရေကို ညှိုးနွမ်းစေမှုသာဖြစ်ပါသည်။ မြောက်များလှစွာသော ကျမ်းစာကိုကမောက်ကမ အနက်ဖွင့်ကြသူများကဲ့သို့ ကျမ်းစာကို မဖတ်ပါနှင့်၊ ထိုသူများက ဘုရားသခင်သည် သခင်ယေရှုကို ယုံကြည်ဖို့ရန် အလိုဆန္ဒရှိသူများကို ကြိုတင်သိတော်မူ၍ ထိုသူများကို ကြိုတင်ခွဲခန့် မှတ်သားတော်မူပါသည်ဟု ပြောကြပါသည်။ သခင်ယေရှုကို လက်ခံဖို့ရန် ဆန္ဒရှိသူများ၊ သူ၏အလိုတော်အတိုင်း လျှောက်လှမ်း အသက်ရှင်ချင်သူများ၊ ကောင်းမြတ်သောတိုက်လှန်ခြင်းကို အဆုံးတိုင်တိုက်ပွဲဝင်ချင်သူများ ကြိုတင်သိ၍ကြိုတင်ခွဲခန့်မှတ်သားရခြင်းဖြစ်ပါသည်ဟု သင်ကြပါသည်။ ထိုသို့ပြောသည်ကို သင်လက်ခံလျှင်၊ သင်သည် ဘုရားသခင်ကို သူ၏ရာဇပလ္လင်တော်ပေါ်မှနေ၍ ဆွဲချရာရောက်ပါသည်၊ ဘုရားသခင့်အစား ပလ္လင်ပေါ်သို့ အပြစ်သားမျှသာဖြစ်သော လူသားကို တင်ရာရောက်ပါလိမ့်မည်။ ထိုသို့ပြုလျှင် ကြိုတင်ခွဲခန့်မှတ်သားတော်မူခြင်းဆိုသည့်အမှန်တရားကို စကားလုံးဖြင့် ဆက်၍ပြောနေသလိုရှိသော်လည်း၊ ၄င်းစကားလုံး၏ တကယ့်အနှစ်သာရအားလုံးကို ပျောက်စေပြီးဖြစ်နေပါမည်။ ထိုအခါ၊ ရီ(ရယ်)စရာကောင်းစွာ၊ ဘုရားသခင်၏ကြိုတင်ခွဲခန့်မှတ်သားတော်မူခြင်း၏ရည်ရွယ်ချက်သည် လူသား၏အလိုဆန္ဒဖြင့်ဆုံးဖြတ်သော ကြိုတင်ခွဲခန့်မှတ်သားခြင်းမျှသာ ဖြစ်လာပါတော့မည်။ ထိုအခါ ဘုရားသခင်သည် လူသား၏အစေခံဖြစ်လာပါမည်။ ထိုအခါ ဘုရားသခင်ကို ချစ်သောသူတို့အဖို့ အရာခပ်သိမ်းက ကောင်းခြင်းများကိုသာ လုပ်ဆောင်ပေးကြပါသည်ဆိုသည့်၊ ခင်ဗျားနှင့် ကျွန်တော့်အတွက်၊ သေချာလှသောစိတ်ချရမှုသည် ၄င်း၏အခြေခံအုတ်မြစ်မှနေ၍ ပြိုကျသွားတော့မည်မှာ အသေချာပင်ဖြစ်ပါသည်။ အရာခပ်သိမ်းသည် အမြဲပြောင်းလဲတတ်သောလူ့အလိုဆန္ဒပေါ်တွင်သာ တည်မှီရတော့မည်ဖြစ်ပါသည်။(ဘာတခုမှ သေချာသည်ဟုပြော၍မရတော့ပါ)

ဘုရားသခင်၏ကြိုတင်သိတော်မူခြင်းသည် ထာဝရကာလတွင်လဲ ပထမဖြစ်ပါသည်။

ကြိုတင်သိတော်မူခြင်းသည် အရာခပ်သိမ်းမရှိခင်ကဖြစ်သည်၊ အရာခပ်သိမ်းကိုဖြစ်လာစေသောအကြောင်းတရားဖြစ်သည်။ ကျွန်တော်တို့လူသားများသည် တည်ရှိပြီးသာအရာများကိုသာ သိကြပါသည်၊ ဘုရားသခင်ကတော့ အရာခပ်သိမ်းကို ၄င်းတို့ဖြစ်တည်မှုမရှိသေးခင်ကပင် သိတော်မူပါသည်။ ကျွန်တော်တို့သည် အကြောင်းအရာများကို ၄င်းတို့ရှိနေပြီးသားဖြစ်၍ သိကြပါသည်။ သို့သော် ဘုရားသခင်သည် ထိုသို့ဖြစ်လာမည်ဟု ကြို၍သိပါသည်။ ကျွန်တော်တို့၏အသိပညာသည် ကျွန်တော်တို့၏ သဘောပေါက်နားလည်ခြင်းဖြင့် ကန့်သတ်ထားပါသည်။ ဘုရားသခင်၏အသိပညာကမူ မည်သည့်အရာတို့သည် ဖြစ်လာမည်၊ မည်သို့ဖြစ်လာမည် ဆိုသည်တို့ကို ဆုံးဖြတ်တော်မူသည်။ ဘုရားသခင်၏အသိပညာသည် လွတ်လပ်သည်၊ အစိုးရတော်မူသည်၊ ထိုစကားလုံးတို့ကပြောချင်သော အဓိပ္ပါယ်၏အဆုံးစွန်ထိ သက်ရောက်သော လွတ်လပ်မှုနှင့် အစိုးရမှုဖြစ်ပါသည်။ ၄င်းသည် မူလအရင်းအမြစ်စိတ်းကူးကြံစည်မှု(original conception)ဖြစ်သည်၊ သိမြင်နားလည်မှု(perception)မဟုတ်ပါ။ အနုပညာရှင်၏စိတ်ကူးသည် သူထုတ်လုပ်သောအနုပညာထက်အရင်ကျသလိုဖြစ်သည်၊ ပေါ်ထွက်လာသည့်အနုပညာလုပ်ဆောင်ချက်ကို ထိုစိတ်ကူးက ဆုံးဖြတ်ပေးသည်။ ထို့အတူ ဘုရားသခင်၏ကြိုတင်သိတော်မူခြင်းသည် အရာခပ်သိမ်းကိုဖြစ်စေသော အကြောင်းတရားဖြစ်ပါသည်။ အရာခပ်သိမ်းမဖြစ်ခင် ရှိနေသည်၊ အရာခပ်သိမ်းကိုဖြစ်လာဖို့ ဆုံးဖြတ်ပေးသောအကြောင်းတရားဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အမြင့်ဆုံးသောဘုရားသခင်သည် မိမိဘာသာဖြစ်လာသူ(self-existent)ဖြစ်သည်၊ သူ ၏လက်တော်ဖြင့် ပြုလုပ်သမျှသောအရာတို့မှ လွတ်လပ်နေသူဖြစ်သည်(၄င်းတို့ကိုမှီခိုစရာမလိုအပ်ပါ)။ သူ၏ ဉာဏ်ပညာတော်၌လည်း ထို့အတူ အစိုးရတော်မူစွာ လွတ်လပ်သူဖြစ်ပါသည်။ သူ့ပြင်ပတွင်ရှိသောအရာတခု ခုက ထိုအသိပညာတော်ကို အဆုံးအဖြစ်ပေးခြင်း လုံးဝမရှိပါ။ ထိုအသိပညာကသာ အရာခပ်သိမ်းကို အဆုံး အဖြတ်ပေးခြင်းဖြစ်ပါသည်။ ထိုသို့ဖြင့် ဘုရားသခင်သည် သူ၏လူများကို ကြိုတင်သိတော်မူခြင်းဖြစ်သည်၊ သူတို့ကလည်း သူ့ကိုချစ်ကြပါသည်၊ ထိုသူတို့ကို သူ့သားတော်၏ပုံသဏ္ဍာန်တော်အတိုင်းပြုလုပ်ရန်၊ ကြိုတင် ခွဲခန့်မှတ်သားတော်မူခြင်းဖြစ်သည်။ သူတို့မရှိခင်သိတော်မူ၍

ခွဲခန့်ခြင်းမဟုတ်ပါ၊ သူတို့သည် သူ၏လူများ ဖြစ်လာစေဟု အကြံအစည်တော်စိတ်ကူးရှိ၍သာ သူတို့သည် ရှိလာကြခြင်းဖြစ်ပါသည်။

ပြောစရာထို့ထက်မက ရှိပါသေးသည်။

ထိုဘုရားသခင်၏ ထာဝရဖြစ်သော၊ ဘုရားနှင့်သာဆိုင်သော၊ အရာခပ်သိမ်းကိုဖြစ်စေသည့်အကြောင်းတရားဖြစ်သော ကြိုတင်သိတော်မူခြင်းအသိပညာသည်၊ ချစ်ခြင်းဖြင့်သိသောအသိပညာလည်း ဖြစ်ပါသည်။

၎င်းသည်ဘုရားသခင့်စိတ်တော်ထဲမှ အေးခဲနေသောစိတ်ကူးအကြံအစည်မဟုတ်ပါ၊ ထာဝရချစ်ခြင်း ၏နွေးထွေးမှုထဲမှ ထွက်ပေါ်လာသောအသိပညာဖြစ်ပါသည်။ ၎င်းသည် ဘုရားသခင့်အတွေးတော်ထဲမှ အ တွေးတစုမျှသာ မဟုတ်ပါ၊ ပြည့်စုံလှသော၊ အနန္တနက်နဲခြင်းနှင့်နက်နဲလှသော ဘုရားသခင့်နှလုံးသား၏တ ဒိတ်ဒိတ်ခုန်နေသော ရင်ခုန်သံဖြစ်ပါသည်။ ၎င်းသည် မိတ်သဟာယဖွဲ့ခြင်း၊ ရင်းနှီးလှသောဆက်ဆံခြင်း၊ ပဋိ ညာဉ်သူငယ်ချင်းဖြစ်မှုစသောအကြောင်းအရာတို့နှင့်ပြည့်ဝသောအသိပညာဖြစ်ပါသည်။

ထိုကဲ့သို့ ဘုရားသခင်သည် သူ့လူများကို ကြို၍သိတော်မူခြင်းဖြစ်သည်။

အစိုးရတော်မူစွာ ထိုသူတို့ရှိလာစေဟု အကြံအစည်တော်ရှိစေပါသည်၊ သူ၏လက်ဖဝါးတော်များထဲ၌ သူတို့ကို ထွင်းထုထားတော်မူပါသည်။

ထို့အပြင် သူချစ်၍ ကြံစည်ထားတော်မူသောသူ့လူများကို၊ ဘုရားသခင်သည် သူ၏နာမတော်အတွက် ချစ်တော်မူပါသည်၊ သူတို့သည် သူ၏ဘုန်းအသရေကိုပေါ်ထုတ်ပြသတော်မူခြင်းဖြစ်၍ ချစ်တော်မူပါသည်၊ သူ၏ကောင်းမြတ်တော်မူခြင်းများကို ထာဝရကြေညာခြင်းဖြစ်သဖြင့် ချစ်တော်မူပါသည်။

ဘုရားသခင်သည် သူ့လူများကို ထာဝရဖြစ်သော၊ မပြောင်းလဲနိုင်သော ချစ်ခြင်း၏အသိပညာဖြင့် ကြိုတင်၍သိတော်မူခြင်းဖြစ်သည်။

ထိုကြိုတင်သိတော်မူခြင်းသည် သူတို့ဖြစ်တည်ရခြင်း၏အနက်ရှိုင်းဆုံးသောအကြောင်းအရင်းဖြစ်ပါသည်၊ သူတို့ကယ်တင်ခြင်း သေချာရခြင်း၏အကြောင်းအရင်းဖြစ်ပါသည်။

ကောင်းမြတ်လှသောသေချာမှု

သူကြိုတင်သိသူများကို........

ဘုရားသခင်သည် သူ့လူအများ၏အကြောင်းအရာအချို့ကိုသိသည်မဟုတ်ပါ၊ သူတို့ကို အသေအချာသိတော်မူခြင်းဖြစ်သည်။

ထိုသို့ သူ့လူများကို သိတော်မူခြင်း၊ အမြင့်ဆုံးသောဘုရားသခင်၏ချစ်ခြင်းဖြင့်သိသော ထာဝရအသိပညာသည်၊ သူတို့အား ခွဲခန့်မှတ်သားလျက်၊ သူ့လူများအဖြစ်ခန့်တော်မူရခြင်းရည်ရွယ်ချက်၏ အနက်ရှိုင်းဆုံးသောအကြောင်းတရားဖြစ်ပါသည်။ သူ့စိတ်နှလုံးတော်ကို စေ့ဆော်သည့် အကြောင်းတရားဖြစ်ပါသည်။

သူကြိုတင်သိထားတော်မူသောသူတို့ကို၊ သူ၏သားတော်၏ပုံသဏ္ဍာန်အတိုင်းဖြစ်လာကြရန်ခွဲခန့်မှတ်သားတော်မူပါသည်။ သူတို့ကို ရွေးယံ့မျှသာရွေးသည်မဟုတ်ပါ၊ ခွဲခြားယုံ၊ သီးသန့်ထားယုံ၊ နာမည်ဖြင့်ခေါ်ယုံမျှသာ ပြုတော်မူသည်မဟုတ်ပါ။ ဘုရားသခင်သည် သူတို့ကို သေချာလှသော၊ မြင့်မြတ်ခန်းနားလှသော ဘုန်းအသရေကို ပါဝင်ဆက်ဆံနိုင်ကြသူများဖြစ်လာရန် ခန့်ထားတော်မူဖြင်းဖြစ်ပါသည်။

မှန်ပါသည်၊ ရွေးကောက်ခြင်းသည် တဦးချင်း၊ တယောက်ချင်းကို နာမည်ဖြင့် ခေါ်ခြင်းဖြစ်ပါသည်၊ အနန္တတန်ခိုးတော်ရှင်၏ ထာဝရအကြံအစည်တော်ထဲတွင်ဖြစ်သည်၊ သူ၏သားသမီးအယောက်တိုင်းကိုဖြစ်သည်။ သူ့လူများ၏နာမည်များအားလုံးကို အသက်စာစောင်တွင် ရေးထားပြီးဖြစ်ပါသည်၊ ကောင်းကင်နိုင်ငံတော်၏နိုင်သူ/သားများအဖြစ် အစိုးရတော်မူသောဆုံးဖြတ်ချက်ဖြင့် ရေးသားထားခြင်းဖြစ်သည်။ သို့သော်ကျမ်းစာက ဤနေရာတွင် သတိပြုစေချင်သည့်အရာရှိပါသည်၊ ၎င်းမှာ ရွေးကောက်ခြင်းခံရသောသူအပေါ်ထက်၊ ထိုသူတို့ကို ရွေးကောက်လျှက်ရောက်ရှိစေသော ဘုန်းအသရေကိုဖြစ်ပါသည်။ ရွေးကောက်ခြင်းခံရသည့် ပုဂ္ဂိုလ်များ၊ ခွဲခြားသတ်မှတ်ခံကြရသည့် ကောင်းချီးခံကြရသူများကို အလေးမထားဘဲ၊ သူတို့ကိုရွေးကောက်သော အမြင့်ဆုံးသောဘုရားသခင်က ရောက်ရှိစေသည့်ပန်းတိုင်နေရာကိုသာ အလေးထား၍ ကျမ်း

စာက ပြောပြနေပါသည်။ ဘုရားသခင်က သူတို့ကို ကြိုတင်ခန့်ထားပါသည်။ ထိုသို့ သူတို့ကိုခန့်အပ်ထားရသည့် ရည်ရွယ်ချက်မှာ ဘုရားသခင်၏သားတော်၏ပုံသဏ္ဍာန်တော်နှင့်တူညီလာဖို့ ဖြစ်ပါသည်။ ထိုသို့ဖြင့် သားတော်သည် ညီအကိုအများတွင် သားဦးသြရသဖြစ်လာမည်ဖြစ်သည်။

ထို့အပြင် ကြိုတင်ခွဲခန့်မှတ်သားတော်မူခြင်း၏ ခန်းနားကြီးကျယ်မှုနှင့်ကောင်းချီးမင်္ဂလာသည် သူတို့အထဲတွင် မရှိပါ၊ ထိုသားသမီးအများတွင် ရှာရမည်မဟုတ်ပါ၊ ဘုရားသခင်၏ထာဝရသားတော်ထံတွင်သာ ရှာရမည်ဖြစ်ပါသည်၊ ခမည်းတော်၏ တပါးတည်းသာ မွေးထားသော သားတော်ဖြစ်သည်။ သူ့အားဖြင့် သုံးပါးတဆူဘုရားသခင်သည် ထာဝရပင် ဘုန်းတော်ထင်ရှားမည်ဟု ဆုံးဖြတ်တော်မူပါသည်။အဘယ်ကြောင့်ဆိုသော် သားတော်သည် ခမည်းတော်ကမွေးဖွားထားသည့် တယောက်တည်းသောသားဖြစ်ပါသည်၊ သူ့ဘုန်းတော်၏ ရောင်ပြန်ထင်ဟပ်မှုဖြစ်သည်။ သူ၏ဖြစ်တည်မှု၏ ထွက်ပေါ်နေသောပုံသဏ္ဍာန်ဖြစ်သည်။ သူ၏မျက်နှာတော်၊ ထာဝရဖြစ်သော၊ အနန္တဖြစ်သောနှုတ်တော်ထွက်(နှုတ်ကပတ်တော်)ဖြစ်ပါသည်။ ဘုရားသခင် ၏ဘုန်းအသရေ ဂုဏ်အသရေအားလုံးသည် သူ့ထံတွင် ကိန်းဝပ်နေပါသည်။ သူ့အားဖြင့် ဖွင့်ထုတ်ဖေါ်ပြနေ ပါသည်၊ သူ့အားဖြင့် ပေါ်ထွက်နေပါသည်။ သူ့ထံတော်၌ ခမည်းတော်ဘုရားသခင်သည် မိမိ၏အနန္တဘုန်းအ သရေကို ထာဝရချစ်ခြင်းနှင့်အတူ ပြန်၍မြင်နေတော်မူပါသည်။ ထို့အပြင် ခမည်းတော်သည် သူ၏ဘုန်းအ သရေကို သားတော်၏ဘုန်းအသရေအဖြစ်နှင့် မိမိ၏ဖြစ်တည်မှုပြင်ပသို့ ဖွင့်ထုတ်ဖွင့်ပြတော်မူရန် ရည်ရွယ် တော်မူပါသည်။ သူ၏သားတော်ကို ဖွင့်ပြဖေါ်ပြခြင်းဖြင့် မိမိကိုယ်ကို ဘုန်းထင်ရှားစေရန် ဘုရားသခင်သည် ရည်ရွယ်တော်မူပါသည်။ သူ၏သားတော်ကို ထာဝရကာလမှထာဝရကာလသို့တိုင် တပါးတည်းသာမွေးထား သော သားတော်အဖြစ်နှင့်၄င်း၊ ထို့အပြင် များပြားလှစွာသောညီအကိုတို့အထဲတွင် သားဦးသြရသအဖြစ်နှင့် ၄င်း သားတော်ကိုဖွင့်ပြဖေါ်ပြတော်မူရန် ဘုရားသခင်က အလိုတော်ရှိပါသည်။ တပါးတည်းသာမွေးထား သော သားတော်၏ဘုန်းအသရေသည် သခင်ယေရှုခရစ်တော်၊ မောင်နှမလ၊ သားဦးဖြစ်သူ၏ဘုန်းအသရေ၌ ထင်ဟပ်နေရမည်ဖြစ်သည်။ ထို့အပြင် ထိုသားဦးသြရသ၏ဘုန်းအသရေသည် သူ့အားဖြင့် သူ့နောက်မှ မွေး ဖွားလာကြမည့် ထောင်ပေါင်းများစွာသော၊ သန်းပေါင်းများစွာသော ညီအကိုများထံတွင် ထင်ဟပ်ရမည်ဖြစ် သည်။ ထိုသို့ဖြင့် သုံးပါးတဆူဘုရားသခင်၏ဘုန်းအသရေသည် သားဦးထံတော်၌၄င်း၊ ဘုရားသခင်က သူ့ထံ သို့ပေးထားသည့် ရေတွက်၍မရလောက်အောင် များပြားလှသော ညီအကိုတို့၏မျက်နှာများတွင်၄င်း ရောင်ပြန်ထင်ဟပ်လျှက်ရှိပါသည်။

သားဦးသြရသ၏မျက်နှာတော်တွင်၄င်း၊ သူ၏ဘုန်းတော်ဝင်စားပြီးဖြစ်သောညီအကိုအုပ်စုကြီးအားဖြင့်၄င်း ဖွင့်ပြနေသော ယေဟောဝါဘုရားသခင်၏ဘုန်းအသရေတော်၊ ထိုအချက်သည် ဘုရားသခင်ကထားတော်မူသော ရည်ရွယ်ချက်ဖြစ်ပါသည်။ သားတော်သည် သားဦးဖြစ်ရပါမည်။ သူသည် အသွေးအသားရှိသူဖြစ်လာလျှက်၊ မိမိ၏ညီအကိုများနှင့်တလုံးတဝတည်းဖြစ်လာရပါမည်၊ ဇာတိသဘာဝ၌ သူတို့ကဲ့သို့ဖြစ်လာရပါမည်။ ထာဝရဘုန်းအသရေကို သူတို့ ဝင်ရောက်နိုင်ရန် လမ်းခင်းပေးရပါမည်။ လောက၊ အပြစ်တရား၊ ပျက်ဆီးခြင်းတို့၏ဝမ်းကြာတိုက်မှ ဖေါက်ထွက်၍ ကောင်းကင်ဘုံနှင့်ဆိုင်သောပြည့်စုံခြင်းသို့ ချီးမြှောက်ခံရန် လိုအပ်ပါသည်။ အရာခပ်သိမ်းတို့၏ ပထဆုံးအမွေခံဖြစ်လာရပါမည်။ သူယူဆောင်ထားသောလူသားဇာတိသဘာဝသည်လည်း၊ ဘုရားသခင်၏ဘုန်းအသရေကို ပါဝင်ဆက်ဆံရမည်ဖြစ်ပါသည်။ သူ၏ညီအကိုများ သူကဲ့သို့ဖြစ်လာသောအခါ၊ သူသည် ညီအကိုများအကြားတွင် ထာဝရဦးဆောင်သူဖြစ်လာမည်ဖြစ်သည်၊သားဦးအဖြစ်နှင့်သူတို့ကို အုပ်ချုပ်မည်ဖြစ်သည်။ တော်ဝင်အဆောင်အယောက်ကို ဆင်ယင်လျှက်၊ တန်ခိုးနှင့်လွှမ်းခြုံကာ ထာဝရယဇ်ပုရောဟိတ်မင်းအဖြစ်နှင့် သူတို့ကို ဘုရားသခင့်ပဋိညာဉ်နှင့်သူငယ်ချင်းဖြစ်မှု၏ ကောင်းချီးမင်္ဂလာများဖြင့် ကောင်းချီးပေးတော်မူမည်ဖြစ်ပါသည်။

ထိုအခါ၊ သူ့ထံတော်သို့ ခမည်းတော်ကပေးတော်မူထားသော ကြိုတင်ခွဲခန့်မှတ်သားခြင်းခံကြရသည့် ညီအကိုများသည် သားတော်၏ပုံသဏ္ဍာန်တော်အတိုင်း ဖြစ်လာကြမည်ဖြစ်သည်။

အထက်ကအကြောင်းအရာတို့သည် ဘုရားသခင်က ကြိုတင်ခွဲခန့်မှတ်သားထားသူတို့အဖို့ ထားရှိတော်မူသော ရည်ရွယ်ချက်ပင်ဖြစ်ပါသည်။

### ဘုရားသခင့်သားတော်ကဲ့သို့ပြုပြင်တော်မူခြင်း

သူတို့သည် အနှစ်သာရ၊ သဘောသဘာဝအားဖြင့် ဘုရားသခင်ကဲ့သို့ဖြစ်လာဖို့ရန် ဘုရားသခင်က ရည်ရွယ်ချက်ထားခြင်းမဟုတ်ပါ။

ထိုသို့လည်း ဘယ်တော့မှမဖြစ်နိုင်ပါ။ ဘုရားသခင်သည် တပါးတည်းသာဖြစ်ပါသည်၊ သူမှလွဲ၍ အခြားသောဘုရားမရှိပါ။ သူသည် မိမိဘုန်းအသရေကို မည်သူ့ထံသို့မှ မပေးနိုင်ပါ။ မိမိဖြစ်တည်မှုကို ဖန်ဆင်းခံသတ္တဝါထံ ပေး၍မရပါ။ သူ၏ညီအကိုများ သူ့သားတော်၏ပုံသဏ္ဍာန်ကို ပြည့်စုံစွာခံယူကြပြီးသောအခါတွင်လည်း၊ သားဦးဖြစ်သောဘုရားသခင့်သားတော်၏ အကန့်အသတ်ရှိနေသော ညီအကိုများနှင့် အကန့်သတ်မဲ့ဖြစ်သောဘုရားသခင့်အကြားတွင် အနန္တကွားခြားချက်ကြီးသည် အမြဲတမ်းရှိနေပါမည်။ သူတို့၏ဘုန်းအသရေသည် မည်သည့်အခါတွင်မှ မူလဘုန်းအသရေမဖြစ်နိုင်ပါ။ သူတို့၏လှပခြင်းသည် ဘယ်တော့မှ လွတ်လပ်သောလှပခြင်းမဟုတ်နိုင်ပါ။ ထာဝရပင် ဘုရားသခင့်ဘုန်းအသရေကို ထင်ဟပ်ခြင်းသာဖြစ်နေပါမည်။ သူတို့၏အကိုအကြီးဆုံးဖြစ်သော သားဦးဘုရားသခင့်သားတော်အားဖြင့်ထင်ဟပ်ပေါ်ပြနေကြခြင်းသာဖြစ်ပါမည်။

ထို့အပြင် အနှစ်သာရအားဖြင့်လည်း တထပ်တည်းဘယ်တော့မှမဖြစ်နိုင်ပါ။ အသက်၏မူရင်းဖြစ်မှုနှင့် တူညီသောပုံစံသည် အမြဲတမ်းရှိနေပါမည်။

သားဦးဖြစ်သူသခင်ယေရှု၏ ဘုန်းကျက်သရေနှင့်ပြည့်ဝသောလူသားဇာတိတွင် ဘုရားသခင်နှင့်တူညီနိုင်မှုတွင် အမြင့်ဆုံးသောဖြစ်နိုင်မှုသည် ရှိနေပါသည်။ ထိုဇာတိနှင့်ဘုရားဖြစ်ခြင်းတို့အကြားတွင် အင်မတန် ရင်းနှီးလှသော ဆက်နွယ်မှုနှင့် မိတ်သဟာယဖွဲ့မှုတို့ ရှိနေပါသည်။ ထို့ကြောင့် ဘုရားသခင်၏ထာဝရသားတော်၏ပုဂ္ဂိုလ်သည် လူသားဇာတိသဘာဝထဲတွင်လဲ အသက်ရှင်နိုင်ပါသည်၊ တွေးနိုင်ပါသည်၊အလိုရှိနိုင်ပါသည်၊ ခံစားနိုင်ပါသည်။ ထို့အပြင် ဘုရားဖြစ်ခြင်းအသက်ရှင်မှုကို ထိုဘုန်းကျက်သရေနှင့်ပြည့်ဝသောလူသားဇာတိအတွင်း၌ လှုပ်ရှားသက်ဝင်စေပါသည်။ ထို့ကြောင့် ဘုရားသခင်၏သားတော်နှင့် ပုံစံတူခြင်း၊ ဆက်နွယ်ခြင်းနှင့် မိတ်သဟာယဖွဲ့ခြင်းတို့ကို သူ၏ညီအကိုများထံသို့လည်း ဝေမျှနိုင်ရခြင်းဖြစ်ပါသည်။ ထိုသို့ဖြင့် အမြင့်ဆုံးသောဘုရားသခင်၏ ပဋိညာဉ်အသက်ရှင်မှုနှင့်တူညီသောအသက်ရှင်မှုသည်လည်း ဘုရားသခင်က သားတော်ထံပေးထားသော သူ၏သားသမီးများထံ၌ လှုပ်ရှားအသက်ရှင်နိုင်မည်ဖြစ်ပါသည်။

၄င်းသည် ခမည်းတော်က သူတို့ခံစားရန် ကြိုတင်ခန့်အပ်ထားရှိသော ဘုန်းအသရေဖြစ်ပါသည်။

သူ၏သားတော်၏ပုံသဏ္ဍာန်တော်အတိုင်းဖြစ်လာဖို့ရန်ဖြစ်ပါသည်။

ထိုပန်းတိုင်သည် သေချာလှပါသည်။

ထိုပန်းတိုင်ကို ဘုရားသခင်၏ကြိုတင်ခွဲခန့်မှတ်သားတော်မူခြင်းရည်ရွယ်ချက်ဖြင့် သတ်မှတ်ထားပါသည်။ သူသည် ဘယ်တော့မှမပြောင်းလဲသူဖြစ်သည်၊ သူ၏ထံတော်မှောက်တွင် ပြောင်းလဲနေသောအရိပ်သဏ္ဍာန်များ ဆိုသည်မျိုး မရှိပါ။

ကြိုတင်သိတော်မူသောသူတို့ကို၊ ဘုရားသခင်သည် ခွဲခန့်မှတ်သားတော်မူပါသည်။

ဘုန်းကျက်သရေနှင့်ပြည့်စုံလှသော ကယ်တင်ခြင်း၏နက်နဲမှုဖြစ်ပါသည်။

### အမြင့်ဆုံးသောဘုရားသခင်၏ကောင်းချီးနှင့်ပြည့်ဝသောအကြံအစည်

ထိုအကြံအစည်တော်၏အရင်းအမြစ်သည် ဘုရားသခင်၏ ထာဝရဖြစ်သော၊ အစိုးရတော်မူသော ကြိုတင်သိခြင်း၌ ဖြစ်သည်။ အနန္တချစ်ခြင်းဖြင့် ကြိုတင်သိတော်မူခြင်း ဖြစ်ပါသည်။

အကြံအစည်တော်၏ပန်းတိုင်သည် များပြားလှသောညီအကိုတို့၏ဘုန်းအသရေဖြစ်ပါသည်။ ထိုညီအကိုတို့၏ထူးခြားချက်မှာ၊ သူတို့သည် ဘုရားသခင့်သားတော်၏ပုံသဏ္ဍာန်တော်အတိုင်းဖြစ်လာရန် ရွေးကောက်ခြင်းကို ခံရကြခြင်းဖြစ်သည်။

ထိုပန်းတိုင်ကိုရောက်ဖို့ လိုအပ်သမျှကို ဘုရားသခင်၏အနန္တဉာဏ်တော်ထဲတွင် ဆုံးဖြတ်ထားသည့်အတိုင်း သမိုင်းလျှောက်လုံး ပံ့ပိုးသွားမည်ဖြစ်ပါသည်။ ဘုရားသခင်သည် မိမိကြိုတင်သိတော်မူထားသူများကို ထိုဘုန်းကြွယ်ဝလှသောပန်းတိုင်သို့ ခွဲခန့်မှတ်သားတော်မူပါသည်၊ ထိုသူတို့ကို ဘုရားသခင်သည် ခေါ်တော်မူသည်၊ ဖြောင့်မတ်စေသည်၊ ဘုန်းကျက်သရေနှင့်ပြည့်စေပါသည်။

တမန်တော်ပေါလုက ဤနေရာတွင် အချိန်ကာလထဲပြည့်စုံမည့်အကြောင်းကို ပြောနေသည်မဟုတ်ပါ။

စကားလုံးများက ထိုသို့ထင်စရာရှိနေပါသည်။ အဘယ်ကြောင့်ဆိုသော် အတိတ်ကာလကိုသုံးထား၍ဖြစ်သည်၊ ဘုရားသခင်က သူတို့ကို ခေါ်ပြီးဖြစ်သည်၊ ဖြောင့်မတ်စေခဲ့ပြီးဖြစ်သည်၊ ဘုန်းကျက်သရေနှင့်ပြည့်ဝစေခဲ့ပြီးဖြစ်သည်ဟု ရေးထားပါသည်။ အားလုံးသည် ဖြစ်ပြီး၊ ပြည့်စုံပြီး၊ စုံလင်ပြီးသကဲ့သို့ ဖြစ်ပါသည်။

သို့သော် ထာဝရကာလအကြောင်းကိုပြောနေခြင်းဖြစ်သည်၊ အချိန်ကာလအတွင်းမဟုတ်ပါ၊ ဘုရားသခင့်အကြံအစည်တော်ထဲမှအကြောင်းကို ပြောနေပါသည်။ ကျွန်တော်တို့အထဲတွင် ပြည့်စုံပြီးဖြစ်ခြင်းကို ပြောနေခြင်း မဟုတ်ပါ။ သူထိုသို့ပြောမှဖြစ်ပါမည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင့်အကြံအစည်တော်ထဲတွင်ရှိသည့်အရာသည် သေချာလွန်း၍ဖြစ်ပါသည်။ အနန္တတန်ခိုးတော်ရှင်က တစုံတရာကို ဆုံးဖြတ်တော်မူခြင်းသည်၊ ဖြစ်ပြီးသလောက်ကိုသေချာပါသည်။ ထို့မျှပင်မကပါ၊ ဘုရားသခင့်နှလုံးတော်နှင့်စိတ်တော်မှ ထွက်လာသော အတွေးတို့သည် အရာခပ်သိမ်း၏ တကယ့်အရှိတရားဖြစ်နေပါသည်။ ဘုရားသခင်အတွက် သူ့သားဦးသြရသ၏ ညီအကိုများကို ခေါ်တော်မူခြင်း၊ ဖြောင့်မတ်စေတော်မူခြင်း၊ ဘုန်းကျက်သရေသို့ဝင်စားစေခြင်းတို့သည် ဖြစ်ပြီး၊ ပြည့်စုံပြီးအကြောင်းအရာတခု ဖြစ်နေပါသည်။ ထိုအရာတို့သည် သူ၏ မပြောင်းလဲသော၊ ထာဝရအကြံအစည်တော်ထဲတွင် တကယ်ဖြစ်ခဲ့ပြီးဖြစ်ပါသည်။ ဘုရားသခင်သည် သူ၏ ဘုရားစိတ်တော်ထဲတွင် ထာဝရကာလမှပင် ချစ်တော်မူသော၊ ကြိုတင်ခွဲခန့်မှတ်သားတော်မူသော၊ ခေါ်တော်မူထားသော၊ ဖြောင့်မတ်စေတော်မူသော၊ ဘုန်းကျက်သရေသို့ ဝင်စားပြီးဖြစ်သော လူတစုသည် အမြဲရှိ နေပါသည်။

သူတို့ကို သူသည် မိမိ၏လက်ဖဝါးတော်များထဲတွင် ပုံနှိပ်ထားတော်မူပြီးဖြစ်ပါသည်။

အမြင့်ဆုံးသောဘုရားသခင်၏ ပြည့်စုံလှသောအကြံအစည်တော်ထဲတွင် ထာဝရတကယ်ဖြစ်ပြီးသော အရာများသည် ကျွန်တော်တို့ထံ၌ အချိန်ဆိုသော ဘောင်ထဲမှနေ၍ တဆင့်ခြင်း၊ ဖြည်းဖြည်းခြင်း ဖြစ်လာနေပါသည်။ အဖြစ်အပျက်တို့ တခုပြီးတခုဖြစ်လာသည်ကို တွေ့ကြုံခံစားကြရသည်။ နေ့ရက်များ၊ ရက်သတ္တပတ်များ၊ နှစ်များ၊ ရာစုနှစ်များဟူ၍ သမိုင်းဖြစ်လာပါသည်။ အသင်းတော်၏သမိုင်းနှင့်ဘုရားသခင့်ပဋိညာဉ်သည် ထာဝရဘုရားသခင်၏ထာဝရအတွေးများ ပေါ်ထွက်ပြသခြင်းအနေနှင့် ကမ္ဘာ့သမိုင်းထဲတွင် ဖြစ်ပျက်လာနေပါသည်။

ကျွန်တော်တို့သည် အချိန်ထဲတွင် ခေါ်တော်မူခြင်းခံကြရပါသည်။ လူ၏စကားလုံးများဖြင့်မဟုတ်၊ ကျွန်တော်တို့၏သဘောတူညီဆန္ဒရှိမှုပေါ်တွင်မဟုတ်၊ ခေါ်တော်မူသောသူ၏ ကျေးဇူးတော်တန်ခိုးအားဖြင့်ဖြစ်ပါသည်။ ခေါ်တော်မူသောသူသည် ဘာမှမရှိသောအဖြစ်အနေထဲမှ တကယ်ရှိမှုများကို ခေါ်ထုတ်တော်မူနိုင်သူဖြစ်ပါသည်။ အမှောင်ထဲမှခေါ်ထုတ်တော်မူပါသည်၊ ကျွန်တော်တို့မွေးကထဲက ရောက်နေသောအမိုက်မှောင်အပြစ်နွံထဲမှ သူ၏အံ့သြဖွယ်အလင်းတော်ထဲသို့ ခေါ်ထုတ်တော်မူပါသည်။ အပြစ်၏ကျွန်ဘဝနှင့်သေခြင်းမှနေ၍ ဘုရားသခင့်သားသမီးများ၏လွတ်လပ်ခြင်းသို့ ခေါ်ထုတ်ခြင်းဖြစ်ပါသည်။ ဘုရားသခင့်ပဋိညာဉ်မိတ်သဟာယအတွင်းသို့ ခေါ်တော်မူခြင်းဖြစ်သည်။ ထိုသို့ဖြင့် ခေါ်တော်မူခြင်းခံရသောပုဂ္ဂိုလ်သည် သုံးပါးတဆူဘုရားသခင်၏ ထာဝရကြိုတင်သိတော်မူခြင်းမှနေ၍ စီးဆင်းထွက်ပေါ်လာသော ခေါ်တော်မူခြင်းကျေးဇူးတော်၏ ကောင်းချီးမင်္ဂလာရှိလှသောလှုပ်ရှားပြုပြင်မှုကို တွေ့ကြုံခံစားရမည်ဖြစ်သည်။ ကျွန်တော်တို့သည် အချိန်ကာလထဲတွင် ဖြောင့်မတ်ခြင်းကိုရကြပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့သည် အပြစ်နှင့်ဆိုးညစ်ခြင်းထဲတွင် မွေးဖွားလာကြပါသည်။ သဘာဝအားဖြင့် အမျက်တော်ကိုခံရသူများ ဖြစ်ကြပါသည်။ ဘုရားသခင်၏သားသမီးများဟု အခေါ်ခံရရန် အခွင့်မရှိသူများဖြစ်ကြပါသည်။ ဘုရားသခင့်သားကြီးသြရသနှင့်အတူ ဘုန်းကျက်သရေရှိလှသောအမွေတော်ကို ခံထိုက်သူများမဟုတ်ကြပါ။ သို့သော် သူက ကျွန်တော်တို့ကို ဖြောင့်မတ်စေပါသည်။ ဘုရားသခင့်သားသမီးများအဖြစ် ကျွန်တော်တို့ကို မွေးစားတော်မူသည်၊ အမွေခံများဖြစ်လာစေသည်၊ ကျွန်တော်တို့အပြစ်များကို ခွင့်လွှတ်တော်မူသည်၊ မိမိတို့နှလုံးသားများတွင် ကျိန်းဝပ်တော်မူသော ဝိညာဉ်တော်အားဖြင့် ကျွန်တော်တို့ကို အဗ္ဗအဖဟု ဘုရားသခင်ကို ခေါ်နိုင်သူများ ဖြစ်လာစေသည်။ သခင်ယေရှုခရစ်တော်ထံသို့ စိုက်ပျိုးခြင်းဖြင့် ကျွန်တော်တို့ကို ဖြောင့်မတ်စေပါသည်။ သခင်ဘုရားနှင့်အတူ တပင်ထဲဖြစ်လာစေပါသည်။ ယုံကြည်ခြင်းဖြင့် ချစ်ခြင်းမှတဆင့် ဖြစ်သည်။ ထို့အပြင် သခင်ဘုရားက ကျွန်တော်တို့ကို အဆုံးတွင် ဘုန်းအသရေကို ခံစားစေပါသည်။ သူ့လူများကို ဘယ်တော့မှ ပစ်မထားသူ

ဖြစ်သည်။ သူ့လူများကို ဘယ်တော့မှ စွန့်မပစ်ပါ။ သူကသာ သူတို့ကို သန့်ရှင်းသူများဖြစ်စေသူ၊ ဤလောကရှိဘဝတိုက်ပွဲထဲတွင် ထိန်းသိမ်းစောင့်ရှောက်ပေးသူ ဖြစ်ပါသည်။ နတ်ဆိုး၏တန်ခိုးမှနေ၍ သူတို့ကိုကာကွယ်ပါသည်၊ အပြစ်နှင့်သေခြင်းမှလဲ ကာကွယ်ပေးပါသည်။ သူကပင် ကျွန်တော်တို့ကို အခန်းများစွာရှိသောအိမ်တော်သို့ ပို့ဆောင်မည်ဖြစ်သည်။ သေတတ်သော ကျွန်တော်တို့ခန္ဓာကိုယ်များကို ဘုန်းကျက်သရေရှိလှသော သားဦး၏ကိုယ်ခန္ဓာကဲ့သို့ ပြောင်းလဲပေးမည်ဖြစ်သည်။

ကျွန်တော်တို့ကို သူ၏ထာဝရကောင်းကင်နိုင်ငံတော်သို့ လက်ခံတော်မူမည်ဖြစ်သည်၊ ထိုနေရာတွင် သေခြင်းနှင့်ပုတ်ပျက်တတ်ခြင်းသည် ထွက်ပြေးသွားပြီဖြစ်သည်။ ဘုရားသခင်၏တဲတော်သည် ကျွန်တော်တို့၌ ထာဝရကာလမှထာဝရကာလတိုင် ရှိမည်ဖြစ်သည်။

ထို ပဋိညာဉ်ဘုရားသခင်၏ အံ့သြစရာကောင်းလှသောကျေးဇူးတော်ကောင်းချီးမင်္ဂလာများအားလုံးသည် ကျွန်တော်တို့ပိုင်ဆိုင်သောကောင်းချီးများ အမှန်ပင်ဖြစ်လာပါမည်။ ၄င်းတို့ကိုဘုရားသခင်ရွေးကောက်ထားသောသူများ၏အသင်းတော်သို့ ပေးအပ်ထားပါသည်။ အချိန်ကာလပြည့်စုံသောအခါ ရရှိလာပါမည်။

ဘုရားသခင့်လူများကို တဖြည်းဖြည်းပိုင်ဆိုင်လာစေပါသည်။ အကြံအစည်တော်အားလုံးပြည့်စုံသည်အထိဖြစ်သည်။ သို့သော် မပြောင်းလဲသောဘုရားသခင်အတွက်မူ ခြားနားပါသည်။ ထိုအရာအားလုံးသည် သူ၏အကြံအစည်တော်ထဲတွင် တကယ်ဖြစ်ပြီးဖြစ်ပါသည်။ ဘုရားသခင်၏ခိုင်မာတည်မြဲလှသောအမိန့်တော်များထဲတွင် ကျွန်တော်တို့ကို ခေါ်ပြီး၊ ဖြောင့်မတ်စေပြီး၊ ဘုန်းအသရေထဲသို့ ဝင်စားစေပြီးဖြစ်ပါသည်။ အချိန်၏သမိုင်းထဲတွင် ဖြစ်ပျက်လာသမျှသည် ထိုထာဝရရည်ရွယ်ချက်များ ဖွင့်ပြခြင်းဖြစ်သည်။ ထို့ကြောင့် ထိုအရာအားလုံးသည် သေချာလှပါသည်။

ဘုရားသခင်ကို ချစ်သောသူတို့အတွက် အရာခပ်သိမ်းက ကောင်းခြင်းကိုလုပ်ဆောင်ပေးကြပါမည်။

ဘုရားသခင်၏အကြံအစည်တော်ထဲရှိအရာများအားလုံးသည် သူတို့ထံတွင် တကယ်ဖြစ်လာကြမည်ဖြစ်သည်။

ကြွယ်ဝခြင်း၏နက်ရှိုင်းမှုသည် ကြီးလှစွတကား။။။